


Briefing Paper

# များပြားသည့် ညှင်းပန်းနှိပ်စက်မှု ဆိုးမွေနှင့် မြန်မာ့ အပြောင်းအလဲအတွက် စိန်ခေါ်မှု ရှင်းလင်းချက်စာတန်း-မူကြမ်း

A joint paper by AJAR, WVG, and LCM

THIS INITIATIVE IS CO-FINANCED BY THE EUROPEAN UNION




## Acknowledgements

Research and publication costs for this paper were supported by the European Union. The contents of this document are the responsibility of AJAR, Legal Clinic Myanmar and Wimutti Volunteer Group, under no circumstances can they be regarded as reflecting the position of the European Union.


## About AJAR

AJAR (Asia Justice and Rights) is a regional human rights organization based in Jakarta. AJAR works to increase the capacity of local and national organization in the fight against entrenched impunity and to contribute to building cultures based on accountability, justice and a willingness to learn from the root causes of mass human rights violations in Asia Pacific region.
Please visit: www.asia-ajar.org

## About LCM

Legal Clinic Myanmar (LCM) is a rights and justice-based organization, playing a unique role not only in promoting and strengthening the rule of law, democracy and human rights in Myanmar by providing legal awareness trainings and paralegal trainings but standing for violated and unjustly treated people, especially women, in the court and providing social support for them by strengthening the cooperation with other legal organizations or law firms since 2011 are also as the unique role of LCM. As Myanmar is in her transition towards democratization, its constitution grants the rights of citizenship, but most citizens are unaware of their rights and how to protect their rights using legal mechanisms. Thus, LCM decided to promote citizens' awareness regarding their legally protected rights and to provide legal aid services and break the silence of citizens whose rights have been violated and treated unjustly in the sectors of land, women, child, labor and internal displaced persons with the vision that "*every citizen's legal rights will be secured through the enforcement of the rule of law*".

## About WVG

Wimutti Volunteer Group (WVG) is a community based organization in Myanmar, which started by organising rehabilitation activities after cyclone Nargis. It was created on 8th May, 2009. Wimutti is a Pali word (Myanmar ancient literature), which means "freedom". WVG is an independent and non- profit making organization. All of WVG members are socially minded volunteers. WVG is very active in our communities doing social work, humanitarian support, and providing educational charity to children from the poverty-stricken families. WVG is directly engaging with vulnerable people to create a healthy societal environment through research, advocacy, networking, and improving their collective capacity development. WVG has a special program for strengthening women former political prisoners.

AJAR သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစပြီး အမျိုးသမီးများအပေါ် အထူးအာရုံစိုက်၍ မြန်မာပြည်ရှိ ညှင်းပန်းနှိပ်စက်ခံရပြီး အသက်ရှင်ကျန်နေသူများနှင့် လက်တွဲလုပ်ဆောင် နေသည့် အဖွဲ့အစည်းဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း AJAR နှင့် ဝိမုတ္တိ စေတနာ့ဝန်ထမ်းအဖွဲ့ နှင့် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)အပါအဝင်၊ မိတ်ဆွေအဖွဲ့အစည်းများသည် ညှင်းပန်းနှိပ်စက်မှု ဆိုးမွေများ အကြောင်း နားလည်သဘောပေါက်စေရန်နှင့် တားဆီးခြင်း၊ တာဝန်ယူ၊ တာဝန်ခံခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ရေး ဆိုင် ရာ မဟာဗျူဟာများအတွက် ဖော်ထုတ်နိုင်ရန် ဆောင်ရွက်ကြသည်။ အဆိုပါလုပ်ငန်း အတွေ့အကြုံများမှ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အသက်ရှင်ကျန်ရစ်သူများ အကြောင်း သတင်းအချက်အလက်နှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုများ။ ဥပဒေရေးရာနှင့် တရားရေးစနစ် လိုအပ်ချက်များက ညှင်းပန်းနှိပ်စက်မှုများ ဆက်လက်ဖြစ်ပေါ်နေစေရန် ခွင့်ပြုနေသည်တို့ကို ထုတ်ဖော်လာနိုင်သည်။ အများအပြား ရရှိထားသည့် အချက်အလက်များနှင့် အတွေ့အကြုံများက မိမိတို့၏ အကြံပြုချက်များဖြစ်လာစေသည်။

## I. သမိုင်းဆိုင်ရာ အခြေအနေ။ နေရာတကာတွင် ပျံ့နှံ့နေသော အလေ့အကျင့်

မြန်မာနိုင်ငံတွင် ညှင်းပန်းနှိပ်စက်မှုသည် သမိုင်းနှင့်ချီ၍ ရှည်ကြာစွာ ဖြစ်ပွားနေပြီး၊ ၁၉၆၂ ခုနှစ်နောက်ပိုင်း တက်လာသည့် စစ်အစိုးရအဆက်ဆက်၊ ကျယ်ပြန့်စွာ ကျင့်သုံးနေခြင်းဖြစ်သည်။ အစိုးရ၏ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရအရာရှိများက အကျဉ်းထောင်များ၊ စစ်ကြောရေးစခန်းများ၊ ရဲအချုပ်ခန်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ထိန်းသိမ်းရေးစခန်းများနှင့် တိုင်းရင်းသားဒေသများရှိ ပဋိပက္ခဖြစ် ပွားနေသည့် နယ်မြေများတွင် ညှင်းပန်းနှိပ်စက်မှုများကို ကျူးလွန်နေသော်လည်း အပြစ်ပေးအရေးယူခံရ ခြင်းမှ ကင်းလွတ်နေကြသည်။ အာဏာပိုင်များက ညှင်းပန်းနှိပ်စက်မှုကို သတင်းအချက်အလက် ရရှိစေရန် နှင့် မှားယွင်းစွာ ဝန်ခံထွက်ဆိုစေခြင်းသာမက အပြစ်ပေးခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ အရှက်ရစေခြင်းနှင့် နိုင်ငံရေးအရ သဘောထားကွဲသူများ၊ စာနယ်ဇင်းသမားများ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် အစိုးရအား ဝေဖန်သူများဟု သံသယဖြစ်သူများအကြား ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာစေရန် အသုံးပြုခြင်းဖြစ်သည်။

၂၀၁၀ ခုနှစ်တွင် အရပ်သားအစိုးရအဖြစ် အယောင်ဆောင် ပြောင်းလဲသွားသော် လည်း၊ ရဲနှင့် စစ်တပ်က အလားတူကျူးလွန်နေမှုများကို လူထုအခြေပြုအဖွဲ့အစည်းများက ဆက်လက် မှတ်တမ်းတင်နိုင်ခဲ့ပြီး၊ ကုလသမဂ္ဂ၊ လူ့အခွင့်အရေးကောင်စီကလည်း အစိုးရအနေဖြင့် အဆိုပါကျူးလွန်မှုများကို ရပ်တန့်ကရပ်ရန် ဆက်လက်တောင်းဆိုသည် ။

ညှင်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ပြုကျင့်ခံရခြင်း ပုံစံအချို့ကို AJAR အနေဖြင့် မှတ်တမ်းတင်နိုင်ခဲ့ သည်။ မှတ်တမ်းတင်နိုင်ခဲ့သည့် ဖြစ်ရပ်မှန် အတော် များများမှာ နိုင်ငံရေးအကျဉ်းသားများ ညှင်းပန်းနှိပ် စက်ခံရခြင်းဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ စုဆောင်း ခဲ့ သည့် အချက်အလက်များအရ ၁၉၆၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အကျဉ်းချခံရသူ ၁၆၂၁ ဦးရှိသည့်အနက်၊ ၇၂% မှာ ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများ ခံခဲ့ကြရသော်လည်း၊ ၉၀% မှာ ထိန်းသိမ်းရေးစခန်း များတွင် ဆေးကုသခွင့် မရကြပေ ။

အမျိုးသမီးနိုင်ငံရေးအကျဉ်းသူများနှင့် လက်တွဲလုပ် ဆောင်ရင်း AJAR မှ မှတ်တမ်းတင်နိုင်ခဲ့သည်မှာလည်း အလားတူ အစီရင်ခံစာများအရ ညှင်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ပြုမူခံရခြင်းများ အတိုင်းပင်ဖြစ်သည်။ ထို့အပြင် အကြံပြုချက် အချို့အရ နေရာအနှံ့အပြားတွင် အမျိုးသမီး နိုင်ငံရေးအကျဉ်းသူများမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းဖြစ်သည်။ သို့သော်လည်း ယဉ်ကျေးမှု၊ ထုံးစံများအရ အဆိုပါ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်ရန် ခဲယဉ်းသည်။



Photo: AJAR

> ကျမကို အမျိုးသားတွေက နည်းပေါင်းစုံနဲ့ အပြင်းအထန် ရိုက်နှက်ကြတယ်။ ကျမတို့ကို အမျိုးသမီးဝါဒါတွေဘဲ ရိုက်ဖို့ တောင်းဆိုကြတယ်။ ဘာလို့လဲဆိုတော့ အမျိုးသားတွေက ဘဲ ကျမတို့ တကိုယ်လုံးကို ရိုက်နှက်ကြတော့ တချို့နေရာတွေက မသင့်တော်ဘူးလေ။ ပြင်းပြင်းထန်ထန် ရိုက်နှက်တာကို ကျမတို့ ဘယ်လိုမှ မခံနိုင်ဘူး။
>
> **အမျိုးသမီးရဲတွေဘဲ ကျမတို့ကို ရိုက်နှက်ဖို့ ပြောတာကို သူတို့ နားမထောင်ပါဘူး။ အမျိုးသား အများအပြား အမျိုးသမီးတွေကို မညှာမတာ ဝိုင်းရိုက်ကြတယ်။**
>
> — မသန္တာ၊ နိုင်ငံရေးအကျဉ်းသူအဖြစ် ထိန်းသိမ်းခံရသူ။

1 “Situation of human rights in Myanmar”, Reso lution adopted by the Human Rights Council, United Nations, 2 April 2015, A/HRC/RES/28/23.

2 “Burma’s silent struggle: ensuring mental health of tortured political prisoners”, Assistance Asso ciation for Political Prisoners, in “Police torture & crackdown on protest in changing Burma”, Article 2, Volume 14, N.2, June 2015.

ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာပြုကျင့်ခြင်းကို ရဲစခန်းတွင် ချုပ်နှောင်ထားသည့် ကာလနှင့် သာမန်ရာဇဝတ်မှုများအတွက် စစ်ဆေးသည့် အခါများတွင်လည်း တွေ့နေကျဖြစ်သည်။ ထိန်းသိမ်းရေး စခန်းများတွင် အားနည်းသူများဖြစ်သည့် လိင်လုပ်သားများနှင့် လိင်စိတ်ကွဲပြားသူများ (LGBT) သည် ၎င်းတို့အတွက် သီးသန့်အန္တရာယ်အဖြစ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကြုံတွေ့ကြရသည်ဟု ရဲ အစီရင်ခံစာများတွေ ဖော်ပြထားသည်။ ထို့အပြင်၊ ကျေးလက်တောရွာများတွင် ညှင်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ပြုကျင့်ခြင်း အပါအဝင်၊ အာဏာအလွဲသုံးမှုများကို အစိုးရအရာရှိများက ရဲများနှင့် ညှိနှိုင်း၍ အာဏာအလွဲသုံးစား ပြုလုပ်နေခြင်းကို AJAR မှ မှတ်တင်းတင်ထားသည်။

တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသည့် ဒေသများနှင့် မဖြစ်ပွားတော့သည့် ဒေသများ တွင် စစ်ပုံသွင်းခြင်းကို အမြင့်ဆုံး ကျင့်သုံးသဖြင့် စစ်တပ်၏ ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှုများကို လူထုအခြေပြုအဖွဲ့အစည်းများက မှတ်တမ်းတင်ထားကြသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား ကူညီသည်ဟု သံသယဖြစ်ခံရပြီး အတင်းအကြပ်ဖမ်းဆီးခံရသည့် အရပ်သားများသည် ညှင်းပန်းနှိပ်စက် အပြစ်ပေးခံရ (သို့) သတင်းအချက်အလက်များပြောပြ (သို့) အတင်းဝန်ခံထွက်ဆို ကြရသည်။
AJAR မှ မှတ်တမ်းတင်ခဲ့သည့် ဖြစ်ရပ်မှန်များအရ၊ စစ်တပ်၏ ရက်စက်စွာပြုကျင့်မှုကြောင့် အရပ်သားများ သေဆုံးမှုကို ကချင်ပြည်နယ်တွင် တွေ့ရပြီး၊ လူထုအခြေပြုအဖွဲ့အစည်းများ၏ အစီရင်ခံတင်ပြမှုများကြောင့် အတင်းအဓမ္မ ခိုင်းစေခံခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများ တိုင်းရင်းသားဒေသများတွင် တွေ့ရ သည်။ စစ်သားများ (သို့) ရဲက လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို တိုင်းရင်းသူများအား အနိုင်အထက် ပြုကျင့်ခြင်း၊ ခြိမ်းခြောက်မှု (သို့) အပြစ်ပေးမှုအဖြစ် အရပ်သားများအပေါ် ကျူးလွန်နေသည့် ကချင်ပြည်နယ်ရှိ ဒေသများတွင်၊ အဓမ္မပြုကျင့်ခြင်းကို ညှင်းပန်းနှိပ်စက်ခြင်းပုံစံအဖြစ် ကျင့်သုံးသည်ကို AJAR အနေဖြင့်လည်း မှတ်တမ်းတင်ထားသည်။

ရာစုနှစ်နှင့်ချီပြီးဖြစ်ပွားနေသည့် လက်နက်ကိုင်တိုက်ပွဲတွင် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း များသည်လည်း ညှင်းပန်းနှိပ်စက်မှုကို ကျူးလွန်ကြသော်လည်း လူထုအခြေပြုအဖွဲ့အစည်းများမှ မှတ်တမ်း တင်နိုင်မှု အနည်းငယ်သာရှိသည်။

## II. အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တယားကို အကောင်အထည်ဖော်ခြင်း။

မြန်မာနိုင်ငံတွင် အဓိပ္ပါယ်ပြည့်ဝသည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရား တစုံတရာ မရှိသေးပေ။ အောက်တိုဘာလ၊ ၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် အမည်ခံ၊ တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်သည် “တရားဥပဒေ စိုးမိုးရေးအတွက် စီရင်မှု” နှင့် “ပြစ်မှုကျူးလွန်သူများအပေါ် အရေးယူဆောင်ရွက်ရေး” နှင့် စာချုပ်ချုပ်ဆိုသည့် အဖွဲ့များ အနေဖြင့် ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို “ရှောင်ကြဉ်” ရန် လိုအပ်ချက်များ အပေါ် အသိအမှတ်ပြု၊ လက်ခံထားသည်။ ထိုသို့ ဖော်ပြမှုက အဆိုပါ အကြောင်းအရာများ သည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက်၊ အနာဂတ် နိုင်ငံရေးဆွေးနွေးပွဲ များတွင် ပါဝင်ဖွယ် ရှိနေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကလည်း တရားဥပဒေစိုးမိုးရေးသည် အစိုးရသစ်၏ ဦးစားပေးလုပ်ငန်းတခုဖြစ်သည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ခေါင်းဆောင်မှုပိုင်းမှ တိုင်းပြည်အနာဂတ်နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုသာ အဓိက ထားမည်ဖြစ်ပြီး၊ အတိတ်မှ ဖြစ် ရပ်များအတွက် “လက်စားချေ” တုန့်ပြန်မည်မဟုတ်ဟု မှတ်ချက်ပြု ပြောဆိုချက်များအရ နစ်နာခဲ့ရသူအချို့ နှင့် စည်းရုံးလှုံ့ဆော်သူများအတွက် အသွင်ကူးပြောင်းရေးကာလတရားမျှတမှု ရှာဖွေရန် မျှော်လင့်ချက်များ၊ ဖယ်ထုတ်ခြင်းခံရပြီး၊ အားမလို အားမရ ဖြစ်စေသည်။

မြန်မာ့အရွေ့လားရာနှင့် ပတ်သက်ပြီး လက်တလော ငြင်းခုံ၊ ဆွေးနွေးမှုအရ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် တရားမျှတမှုအတွက် ခုံရုံးတင် စီရင်ဆုံးဖြတ်မှုအတွက် ရှုပ်ထွေးမှုများဖြစ်ပေါ်စေသည်။ အသွင်ကူးပြောင်းရေးကာလ၊ တရားမျှတမှုဆိုသည်မှာ တရားစွဲခြင်းနှင့် ပြစ်မှုကျူးလွန်သူအား အပြစ်ပေး အရေးယူခြင်း တမျိုးတည်းသာ မဟုတ်သည်ကို ထပ်လောင်းအတည်ပြုပေးရန်လိုသည်။ တရားမျှတမှုနှင့် တန်းတူညီမျှစွာ နစ်နာခဲ့ရသူအား ပြန်လည်ကုစားပေးမှုနှင့် ပြန်လည်ထူထောင်ပေးခြင်းဖြစ်ပြီး၊ အသိအ မှတ်ပြုခြင်းနှင့်၊ ဝန်ခံခြင်းတို့လည်း ပါဝင်သည်။ ထို့အပြင် ဥပဒေရေးရာနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ ကို ပြုပြင်ခြင်းသည်လည်း အနာဂတ်တွင် ထပ်မံမပေါ်ပေါက်အောင် အာမခံခြင်းလည်း ဖြစ်သည်။ NLD အ စိုးရအနေဖြင့် အဆိုပါအကြောင်းအရာများကို ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်သင့်သည်။

အစိုးရယန္တရားများအနေဖြင့် လုပ်ဆောင်ရန် ပျက်ကွက်နေပါက၊ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် အမှန်တရားထုတ်ဖော်ပွဲများနှင့် အောက်တွင်ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင် လုပ်ဆောင်သင့်သည်။ ဥပမာအနေဖြင့် AAPP သည် အထိမ်း၊ အမှတ်ပွဲများ ကျင်းပပြီး၊ ပြတိုက်တခုကို ဖွင့်လှစ်ထားသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများက စနစ်တကျမှတ်တမ်းတင်နေပြီး အမှန်တရားဖော်ထုတ်ပွဲလေးများ ကျင်းပနေသည်။ မိမိတို့၏ မိတ်ဆွေအဖွဲ့အစည်း ဖြစ်သည့် ဝိမုတ္တိစေတနာ့ဝန်ထမ်းအဖွဲ့သည် ညှင်းပန်းနှိပ်စက်ခံရပြီး အသက်ရှင်ကျန်နေသူများနှင့်၊ ၎င်းတို့၏ မိသားစုဝင်များမှ အတွေ့အကြုံများဝေငှသည့် လူထုဟောပြောပွဲ အခမ်းအနားများ ကျင်းပနေသည်။ AJAR ၏ လုပ်ငန်းများသည်လည်း အသက်ရှင်ကျန်သူများကိုယ်တိုင် ပူးပေါင်း၊ ပါဝင်သည့် သုတေသနလုပ်ငန်း၊ ဖြစ်ရပ်ခြင်းတူသူများမှ ခံစားမှုများကို ကြားနာ၊ အသိအမှတ်ပြုခြင်းနှင့် ကူညီပံ့ပိုးရန်အတွက် နေရာစီစဉ်ပေး ခြင်းတို့ ဆောင်ရွက်နေသည်။

## III. ညှင်းပန်းနှိပ်စက်ခြင်းဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်းသည့် လက်ရှိ ဥပဒေရေးရာ အခြေအနေ

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးမည်ဟု ကြေငြာထားသော်လည်း၊ ကုလသမဂ္ဂ၏ ညှင်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးကွန်ဗန်းရှင်း (CAT) အဖွဲ့ဝင်နိုင်ငံမဟုတ်ပေ။ မြန်မာ့ပြစ်မှုဆိုင်ရာဥပဒေ အောက်ရှိ အချို့သော အက်ဥပဒေများတွင် ညှင်းပန်းနှိပ်စက်မှုကို အပြစ်ပေးနိုင်သည်ဟု ယူဆကြသည်။ သာဓကအားဖြင့် “နာကျင်စေမှု” နှင့် “အပြင်းအထန် နာကျင်စေမှု”တို့ကို ကိုင်တွယ်ခြင်းဆိုင်ရာ ပုဒ်မခွဲများ ဖြစ်သည်။ သို့သော်လည်း ပြည်တွင်းဥပဒေက ညှင်းပန်းနှိပ်စက်ခြင်းကို ရာဇဝတ်မှုအဖြစ် မသတ်မှတ်ခြင်း နှင့်၊ ၂၀၀၈ ဖွဲ့စည်းစည်းပုံအခြေခံဥပဒေအရလည်း အတိအလင်း တားမြစ်ထားခြင်းမရှိပေ။ အဓိပ္ပာယ်ရှင်း လင်းစွာ ဖော်ပြရန်နှင့် ပြတ်ပြတ်သားသား၊ တားမြစ်ပြဋ္ဌာန်းရန် လိုအပ်သည်။

ထို့အပြင်၊ ဖိနှိပ်ချုပ်ခြယ်သော ဥပဒေများသည် တက်ကြွလှုပ်ရှားသူများနှင့် သဘောထားကွဲပြားသူများအား ထောင်ဒဏ်ပေးရန်၊ ညှင်းပန်းနှိပ်စက်ရန်နှင့် လူမဆန်စွာပြုကျင့်ရန် ခွင့်ပြုပေးနေသည်။ အဆိုပါ ဥပဒေအဟောင်းနှင့် အသစ်များတွင်၊ ၁၉၀၈ မတရားသင်း အက်ဥပဒေ၊ မီဒီယာဥပဒေ၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဥပဒေ နှင့် လွတ်လပ်စွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ များ ပါဝင်သည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်က အစိုးရအား "ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအား၊ ကျယ်ကျယ်၊ ပြန့်ပြန့် ကန့်သတ်ထားခြင်းများ ရုပ်သိမ်း ရန်" တောင်းဆိုထားသည် ။

## IV. ညှင်းပန်းနှိပ်စက်ခံရပြီး အသက်ရှင်ကျန်ရစ်နေသူများ၏ အခြေအနေ။

ညှင်းပန်းနှိပ်စက်ခံရပြီး အသက်ရှင်ကျန်ရစ်သူများမှ AJAR သို့ ပြောကြားချက်အရ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များ အကြီးအကျယ်ခံစားရသည်ဟု သိရပြီး။ အခြားသော လူထုအခြေပြုအဖွဲ့အစည်းများ၏ တွေ့ရှိချက်နှင့် အလားတူပင်ဖြစ်သည် ။ အသက်ရှင်ကျန်ရစ်သူများ အဆိုအရ အစာအိမ်ရောဂါ၊ ကျောကုန်းနာ၊ အမျိုးသမီး ဓမ္မတာ မမှန်ခြင်းနှင့် အကြားဆိုင်ရာ ပြဿနာများအပါအဝင်၊ နာတာရှည် ရုပ်ပိုင်းဆိုင်ရာ ဒဏ်များခံစားရသည်။ အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် စိတ်ပိုင်းဆိုင်ရာ အနာတရများ ခံစားကြရသည်။ အကျိုးဆက်အနေဖြင့် စိုးရိမ်သောကဖြစ်ခြင်း၊ အိပ်မပျော် ခြင်း၊ အရှက်ရခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် အထီးကျန်ခြင်းတို့ ဖြစ်ကြသည်။ လူမှုရေးအရ ဘေးရောက်နေခြင်းကို အများအပြားတွေ့ရပြီး၊ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ဖြစ်သည်။ တချို့အမျိုးသမီးများ၏ တွေ့ရှိချက်အရ မိသားစုနှင့် သူငယ်ချင်းများအနေဖြင့် သူတို့အတွေ့အကြုံ အဖြစ်အပျက်များအပေါ် နားမလည်နိုင်ကြဘဲ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများကိုလည်း လူမှုအ သိုင်းအဝိုင်းမှ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ခံရသည်။

ညှင်းပန်းနှိပ်စက်ခံရပြီး အသက်ရှင်ကျန်ရစ်သူများသည် အလုပ်အကိုင်ရရှိမှုနှင့် ပညာရေးအခွင့်အလမ်းများ ကန့်သတ်ခံရမှုအပါအဝင် ၎င်းတို့၏ အတွေ့အကြုံများကြောင့် လူမှု-စီးပွားရေး အကျိုးဆက်များအဖြစ် ကျယ်ကျယ်ပြန့်ပြန့်၊ ရှုန်းကန် လှုပ်ရှားကြရသည်။ သူတို့၏ အတွေ့အကြုံများက အသက်မွေးဝမ်းကျောင်း အလုပ်နှင့် ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု အရင်းအမြစ်များအတွက် အနှောင့်အယှက်ဖြစ်စေပြီး စီးပွားရေးအခွင့်အ လန်း အနည်းငယ်သာရှိသည့် တိုင်းပြည်အတွက် ဘဏ္ဍာရေး အကြပ်အတည်းကို၊ ပိုမိုဆိုးဝါးစေသည်။ ဥပမာ အနေဖြင့်၊ အမျိုးသမီးများမှ AJAR သို့ပြောပြချက်အရ တရားရုံးစားရိတ်များအတွက် ၎င်းတို့၏ အိမ် ကို ပေါင်နှံထားရပြီး စီးပွားရေးလုပ်ငန်းများလည်း ပျက်စီးရသည်။ အဘယ်ကြောင့်ဆိုသော် အာဏာပိုင်များ ၏ နှောင့်ယှက်မှုနှင့် ကြောက်ရွံ့မှု (သို့) ဖောက်သည်များ၏ အသရေဖျက်မှုကြောင့် ဖြစ်သည်။

> "ကျမတုတ်နဲ့ရိုက်ဒါခံခဲ့ရတော့ အခုဆိုရင် ကျမဘယ်ဘက်ခြမ်း ပေါင်၊ တင်ပါးတွေက နာတယ်။ နောက်တခုက ဒူးခေါင်းပြဿနာရှိလာတယ်။ ကျမသေသွားနိုင်တယ်။ အကယ်၍ကျမသေသွားတယ်ဆိုရင်တောင် မနက်အခန်းတံခါးလာဖွင့်မှဘဲ သူတို့သိနိုင်မယ်။ လူမသိသူမသိတော့ အသေမခံနိုင်ဘူး။ တခါဘဲ အလျော့ပေးနိုင်မယ်။
>
> မချိုချိုအေး၊ နိုင်ငံရေးအကျဉ်းသူအဖြစ် ထိန်းသိမ်းခံရသူ။"

အဆိုပါ သက်ရောက်မှုများအပေါ် ဖြေရှင်း၊ ရုန်းကန်နေရသည့် ညှင်းပန်းနှိပ်စက်မှုမှ အသက်ရှင်ကျန်ရစ်သူ များသည် ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှု၊ ဥပဒေရေးရာ အကူအညီ၊ နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ၊ စသည့် အခြေခံ ဝန်ဆောင်မှု၊ အကူအညီများ ရရှိ ရန် အခွင့်အလမ်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် အစိုးရ ဝန်ဆောင်မှုများ၊ လုံးဝနီးပါး မရှိခြင်း။ အကူအညီပေးမှု အနည်းငယ်ကိုသာ သေးငယ်သည့်၊ ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများကသာ၊ မြို့ပြဒေသကိုသာ အဓိကထားပြီး၊ အရင်းအမြစ်နှင့် လုပ်နိုင်စွမ်းအနည်းငယ်ဖြင့်သာ ဆောင်ရွက်နေကြခြင်း တို့ကြောင့်ဖြစ်သည်။

AAPP ကဲ့သို့ အဖွဲ့များကသာ အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏ မိသားစု အချို့အတွက် နှစ်သိမ့်ဆွေး နွေးခြင်း၊ ရုပ်ဝတ္ထုအထောက်အပံ့နှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် ကူညီဆောင်ရွက်ပေးကြသည်။ AJAR ၏ မိတ်ဆွေအဖွဲ့ဖြစ်သည့် ဝိမုတ္တိ စေတနာ့ဝန်ထမ်းအဖွဲ့သည် အမျိုးသမီး၊ နိုင်ငံရေးအကျဉ်းသား ဟောင်းများဖြင့် ကိုယ်ထူကိုယ်ထ အကူအညီပေးနေပြီး၊ ဥပဒေရေးရာ ကူစားရေးအဖွဲ့ (မြန်မာ) သည် ဥပဒေ ရေးရာ အကူအညီများ ပေးနေသည်။ တိုင်းရင်းသားဒေသများတွင် လူထုအခြေပြု အဖွဲ့အစည်းများသည် အခြေခံ ဝန်ဆောင်မှုများကို အလွန်နည်းပါးသည့် အရင်းအမြစ်များဖြင့် ကာလကြာရှည် အကူအညီပေးနေ သည်။ AJAR ၏ အတွေ့အကြုံအရ လူထုအခြေပြု သေးငယ်သည့် စိတ်ဒဏ်ရာ ကုသရေး မဟာဗျူဟာ အရ၊ အတွေ့အကြုံ၊ ခံစားမှုတူ၊ အသက်ရှင်ကျန်ရစ်သူများအကြား အကူအညီပေးမှုသည် ကျွမ်းကျင်မှုနှင့် အရင်းအမြစ် နည်းပါးသော (သို့) လက်လှမ်းမမီသော ဒေသများသို့တိုင်၊ ရောက်ရှိနိုင်သည်ကို တွေ့ရသည်။ မိမိတို့၏ လုပ်ငန်းမှာ အဆိုးဝါးဆုံး၊ အခြေအနေအောက်ရှိ အမျိုးသမီးများသည် အံ့မခန်း၊ အစွမ်းအစဖြင့် လောကဓံကို ကြံ့ ကြံ့ခံ ရင်ဆိုင်ရင်း၊ ကိုယ့်အားကိုယ်ကိုး နိုင်ရေးပင်ဖြစ်သည်။

3 "Report of the Special Rapporteur on the situ ation of human rights in Myanmar", United Nations Human Rights Council, 23 March 2015, A/HRC/28/72. Similarly, the UN Human Rights Council called for Myanmar to implement its obligations in this regard. "Situation of human rights in Myanmar", Resolution adopted by the Human Rights Council, United Nations, 2 April 2015, A/HRC/RES/28/23.

4 See, for example, "Documentation Project Interim Report", Assistance Association for Political Prisoners and Former Political Prisoners Society, February 2015.

သို့သော်လည်း လူထုအခြေပြုအဖွဲ့အစည်းများမှ ထိုသို့ ကူညီ၊ ထောက်ပံ့ပေးမှုသည်၊ အထူးသဖြင့် တိုင်းရင်းသား ဒေသများတွင်၊ စစ်တပ်နှင့် ရဲ၏ ညှင်းပန်းနှိပ်စက်ခံရနိုင်သည့် ကန့်သတ်မှုနှင့် အန္တရာယ် များ ဆက်လက်တည်ရှိနေသည်။ ကျူးလွန်သူများအပေါ် အပြစ်ပေးအရေးယူမှု မရှိခြင်းက၊ ထိရောက်စွာ တုန့်ပြန်ပေးနိုင်သည့် ဝန်ဆောင်မှုများအတွက်၊ သိသာထင် ရှားသည့် အတားအဆီး၊ အဟန့်အတားများ ဖြစ်နေစဉ်တွင် လက်ရှိ၊ ရှိနေသည့် ဝန်ဆောင်မှုများသည်။ အစိုးရ၏ အကြမ်းဖက်မှုကို ခံရသည့် အသက်ရှင်ကျန်ရစ်သူများ လက်သို့ မကြာခဏ ရောက်ရှိခြင်းမရှိပေ။ လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ် အခြေခံသောအကြမ်းဖက်မှု ဖြစ်ရပ်တခုအပေါ် အာဏာပိုင် တို့မှ ဝင်ရောက် စွက်ဖက်သည့်အခါ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် အသက်ရှင်ကျန်ရစ်သူများ သည် ဝန်ဆောင်မှုများကို ရရှိရန်အတွက် (လူ့အဖွဲ့အစည်းအတွင်း) ပျံ့နှံ့နေသည့် လက်ခံယုံကြည် မှုနှင့် လိင်ကွဲပြားမှုနှင့် ပတ်သက်ပြီး ကျင့်သုံးနေမှုတို့ ပေါင်းစပ်ထားသည့် ဓလေ့ထုံးစံတို့ကို မဖြစ်မ နေ လုပ်ဆောင်ကြရသည်။

## V. ကွာဟနေမှုများနှင့် ပေါ့ဆမှုများကို စိစစ်၊ သုံးသပ်ခြင်း

ထို့အပြင် အထက်တွင်ဖော်ပြထားသည့် ဥပဒေပိုင်းဆိုင်ရာ မူဘောင်များ အားနည်းချက်ကြောင့်၊ လွတ်လပ်မှု၊ ဘက်လိုက်မှု၊ ထိရောက်မှု ကင်းမဲ့သည့်၊ တရားစီရင်ရေးသည် ညှင်းပန်းနှိပ်စက်မှု၏ အရင်းခံအကြောင်း တရားဖြစ်သည်။ မျှတမှုမရှိသည့် တရားစီရင်ရေးသည် မူလအခွင့်အရေးများကို လေးစားလိုက်နာမှုမရှိခြင်း၊ ညှင်းပန်းနှိပ်စက်မှုကို မတားဆီးနိုင်ခြင်း (သို့) အရေးမယူနိုင်သည့် ဝန်းကျင်ကို ဖန်တီးပေးသည်။ ဒီဇင်ဘာ ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ၊ လွှတ်တော်ရေးရာ ကော်မတီသည် "တရားစီရင်ရေး မဏ္ဍိုင်သည် တိုင်းပြည်၏ ခြအစားဆုံး အဖွဲ့အစည်းအဖြစ် ဆက်ရှိနေသည်" ကို ဝန်ခံအသိအမှတ် ပြုရသည်။ အုပ်ချုပ်ရေး မဏ္ဍိုင်သည်လည်း "တရားစီရင်ရေးအပေါ် ဩဇာလွှမ်းမိုး လျှက်ရှိသည်။[6] ကုလမဂ္ဂ လူ့အခွင့်အရေးကောင်စီက အစိုးရအနေဖြင့် "တာဝန်ယူ၊ တာဝန်ခံမှုများကို သေချာဆောင်ရွက်ရန်နှင့် အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်နေမှုများ အဆုံးသတ်စေရန်" နှင့် " လွတ်လပ်ပြီး၊ တရားမျှတ၍ ထိရောက်သော တရားစီရင်ရေးစနစ် ဖော်ဆောင်ရန်"နှင့် လွတ်လပ်စွာ အုပ်ချုပ်သည့် ပညာရှင်ပီသသော ရှေ့နေများ အဖွဲ့ကို ဖွဲ့စည်းရန်၊ ထပ်ကာ၊ ထပ်ကာ တောင်းဆိုလျှက်ရှိသည် ။[7]

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအတွက် အကြီးမားဆုံး စိန်ခေါ်မှုမှာ လုံခြုံရေးဆိုင်ရာ၊ အမှုထမ်းများအား တာဝန်ယူ၊ တာဝန်ခံမှုရှိစေရေးအတွက် သေချာအောင် လုပ်ဆောင်စေရေးပင်ဖြစ်သည်။ အစိုးရအာဏာပိုင် များအနေဖြင့် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တာဝန်ယူ၊ တာဝန်ခံမှု ရှိစေရန် မကိုင်တွယ်နိုင်မှုကို ကုလသမဂ္ဂဆိုင်ရာ အထူးကိုယ်စားလှယ်က မကြာခဏ မီးမောင်းထိုးပြလေ့ရှိသည် [8]။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပါ၊ ပုဒ်မ ၄၄၅ သည်၊ အစိုးရအဖွဲ့ဝင်များနှင့် စစ်တပ်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးထားခြင်းဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ဆိုကြသည် [9]။ ထိုနည်းတူစွာပင်၊ သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား နောက်ကြောင်းပြန် အရေးယူ၍ မရစေရန်၊ ထုတ်ပြန် ပြဋ္ဌာန်းခဲ့သည် [10]။ အစိုးရဟောင်းအနေဖြင့် ဥပဒေ၏ အထက်တွင် ခိုင်ခိုင်၊ မာမာ ရှိနေသည်ကို ညွှန်ပြနေခြင်းဖြစ်သည်။

၄င်းတို့နှင့် စပ်လျဉ်းသော စိန်ခေါ်မှုမှာ စစ်ခုံရုံးစနစ်ဖြစ်သည်။ ကာကွယ်ရေး တာဝန်ထမ်းဆောင်နေသူများ ကို မည်သည့် အရပ်သားခုံရုံးမှ မစစ်ဆေးနိုင်စေရန်၊ စစ်ခုံရုံးများကို လုပ်ပိုင် ခွင့်ပေးထားခြင်းဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်၏ ဥပဒေရေးရာ၊ ဆုံးဖြတ်ချက်သည် "နောက်ဆုံးအတည်ဖြစ်ပြီး၊ ငြင်းဆို၍မရအောင် ပြည့်စုံသည်" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

စစ်ဖက်ဆိုင်ရာ တရားစီရင်ရေးစနစ်သည်လည်း အများပြည်သူနှင့် မရောနှောစေရန် ကန့်သတ်ထားသည်။ အမှုနှင့်ပတ်သက်ပြီး သတင်းအချက်အ လက် ရရှိရန် လုံးဝနီးပါး မဖြစ်နိုင်သည့်အခြေအနေတွင်၊ နစ်နာခဲ့ရ သူသည် မကြာခဏ ခြိမ်းခြောက်ခံနေရသည်။ စစ်သားတယောက်သည် လူသတ်မှု နှင့် အဓမ္မပြုကျင့်မှုတို့ကဲ့သို့ အရပ်ဖက်ဆိုင်ရာ ပြစ်မှုဆိုင်ရာဥပဒေကို ကျူးလွန်ချိုးဖောက်ပါက၊ ဥပဒေသတ်မှတ်ချက်အရ အမှုကို အရပ်ဖက်ခုံရုံးသို့ လွှဲပြောင်းပေးနိုင်သည်။ ထိုသို့ လွှဲပြောင်းပေးသည့် အမှုမှာ အလွန်ဖြစ်တောင့်၊ ဖြစ်ခဲပြီး၊ လက်တဆုတ်စာ အနည်းငယ်သာရှိကာ၊ အစီရင်ခံစာများ၏ အောင်မြင်သည့် ရလဒ်အဖြစ်တွေ့ရသည်။ အဆိုပါ ယန္တရားမှာ တရားမျှတမှု၊ ပိုမို ရရှိစေရန်အတွက် အခွင့်အလမ်း ဖြစ်နိုင်သည်။

ရဲအရာရှိများသည် အရပ်သားများအပေါ် အကြမ်းဖက်မှု ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် အခါတွင်၊ ပြည်ထဲ ရေးဝန်ကြီးသည် စုံစမ်းစစ်ဆေးခြင်းနှင့် သာမန်၊ ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင် ရမည့်အစား၊ နစ်နာခဲ့ရသူများအတွက် တရားမျှတမှုကို ငြင်းပယ်ပြီး၊ နားလည်ရန်၊ ခက်ခဲသော စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ အုပ်ချုပ်၊ အရေးယူမှု ကိုသာ၊ တွင်တွင်အသုံးပြုသည် [11]။

5 "Violence Against Women (VAW) Prevention and Response Services and Access in Myanmar", Educational Initiative (EI) and Asia Justice and Rights (AJAR), October 2015.

6 Judicial and Legal Affairs Complaints and Grievances Investigation Committee. See "Burma's Judicial System Deeply Corrupt, Parliament Told", The Irrawaddy, 9 December 2015.

7 "Situation of human rights in Myanmar", Resolution adopted by the Human Rights Council, United Nations, 2 April 2015, A/HRC/RES/28/23.

8 "Report of the Special Rapporteur on the situation of human rights in Myanmar", United Nations Human Rights Council, 23 March 2015, A/HRC/28/72.

9 Article 445 of the 2008 Constitution states, "No proceeding shall be instituted against the said [former ruling] Councils or any member thereof or any member of the Government, in respect of any act done in the execution of their respective duties."

10 See "Presidential Protection, Immunity Bill Put Forward", The Irrawaddy, 21 December 2015.

11 "Torture by law enforcers: are Burma's police the new military?", Danilo Reyes, in "Police torture & crackdown on protest in changing

ရောစပ်နေသည့် ပြဿနာများမှ၊ AJAR အနေဖြင့် တွေ့ရှိရသည်မှာ၊ ရဲ (သို့) စစ်တပ်၏ ညှင်းပန်းနှိပ်စက်မှုအတွက် တရားမျှတမှုရှာဖွေသူ အနည်းငယ်သည်၊ ခြိမ်းခြောက်မှုနှင့် လက်တုန့်ပြန်မှုများ ရင်ဆိုင်ကြရသည်။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ အလားတူ အစီရင်ခံချက်များအရ၊ စစ်တပ်သည် မကြာခဏဆိုသလို ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆန့်ကျင်၍ နစ်နာခဲ့ရသူများကို အသရေဖျက်ရန် (သို့) သတင်းအမှားများပေးရန် ကျူးလွန်သည်ဟု စွပ်စွဲခံရသည် ။ ညှင်းပန်းနှိပ်စက်ခံရသူများအတွက် အမှန်တရားနှင့် တရားမျှတမှု ရှာဖွေပေးရန် အလားအလာရှိသည့် မြန်မာ့လူ့အခွင့်အရေးကော်မရှင် (MNHRC) သည် ယုံကြည်ကိုးစားရန်၊ လွတ်လပ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် အစွမ်းအစ ကင်းမဲ့နေသည်ဟု ရှုမြင်ကြသည်။

## ကိုပါကြီး ညှင်းပန်းနှိပ်စက်ခံရခြင်းနှင့် တရားလက်လွတ် သတ်ဖြတ်ခံရခြင်း

အလွတ် သတင်းထောက်နှင့် ဓာတ်ပုံသတင်းထောက် အောင်ကျော်နိုင် (ခ) ကိုပါကြီးသည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင်၊ မွန်ပြည်နယ်ရှိ၊ စစ်တပ်အကျဉ်းခန်းတခုတွင် ညှင်းပန်းနှိပ်စက်ခံရပြီး အသတ်ခံခဲ့ရသည်။ ကိုပါကြီးသည် အစောင့်စစ်သားထံမှ လက်နက်ကို လုယူ၍၊ ထွက်ပြေးရန်ကြိုးပမ်းစဉ် ပစ်သတ်ခံရသည်ဟု ကာကွယ်ရေး ဝန်ကြီးဌာန မှ ထုတ်ပြန်ခဲ့သည်။ ပြည်တွင်းနှင့် နိုင်ငံတကာ၏ ဖိအားပေး၊ တောင်းဆိုမှုများကြောင့် သမ္မတ သိန်းစိန်သည် အဆိုပါအမှုအား မြန်မာ့လူ့အခွင့်အရေးကော်မရှင်မှ စုံစမ်းစစ်ဆေးရန် ညွှန်ကြားခဲ့သည်။ သူ၏ ရုပ်ကလပ်အား တူးဖော်သူ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ၊ ကိုပါကြီး၏ ရင်ဘတ်တွင် ဓားဒဏ်ရာနှင့် ညှိုသကျဉ်းတွင် ဒဏ်ရာ၊ ဒဏ်ချက်များအပါအဝင် ညှင်းပန်းနှိပ်စက်ခံရသည့် သက်သေများ တွေ့ရှိရသည်။ အလောင်းကို ခွဲစိတ်စစ် ဆေးမှုအရ၊ ကိုပါကြီးသေဆုံးမှုမှာ၊ မေးစေ့တွင် တချက်၊ ရင်ဘတ်တွင် နှစ်ချက်၊ ပေါင်နှင့် ခြေဖနောင့်တွင် တချက်စီအပါအဝင်၊ သေနတ်ဒဏ် ရာ ၅ ချက်ကြောင့် ဖြစ်သည်။ ဆရာဝန်တဦးက ကိုပါကြီး၏ ဇနီး လူ့အခွင့်အရေး လှုပ်ရှားသူ မသန္တာအား ပြောကြားရာတွင်၊ ကိုပါကြီးသည် မေးစေ့ကို ချိန်ရွယ်ပစ်ခတ်ခံရသည်ဟု ဖြစ်သည်။ အဆိုပါ ပြောကြားချက်သည် စစ်တပ်၏ ပြောဆိုမှုနှင့် ကွဲလွဲနေသည်။

ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ထုတ်ပြန်သည့် MNHRC ၏ အစီရင်ခံစာတွင် ကိုပါကြီးသည် သေနတ်ဒဏ်ရာ ၅ ချက်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခံခဲ့ရမှု အထောက်အထားများ မတွေ့ရှိကြောင်း ကောက်ချက်ဆွဲဖော်ပြထားသည်။ မသန္တာနှင့် သူမ၏ ရှေ့နေတို့က အစီရင်ခံစာကို ကန့်ကွက်ခဲ့ကြသည်။ အစီရင်ခံစာသည် ကိုပါကြီးသေဆုံးမှုတွင် အဓိကကျသည့် အချက်များဖြစ်သည့်၊ သူ၏ခန္ဓာကိုယ်ရှိ ညှင်းပန်းနှိပ်စက်ခံရသည့် လက္ခဏာများကို လျစ်လျူရှုဖော်ပြထားပြီး၊ ခွဲစိတ်စစ်ဆေးချက်နှင့် စစ်တပ်၏ ထုတ်ပြန်ချက် တို့မှာလည်း ကွဲလွဲနေသည်။ MNHRC ၏ စုံစမ်းမှုများအတောအတွင်း၊ မသန္တာမှာ နှောင့်ယှက်မှုများ ကြီးမားစွာ ကြုံတွေ့ရသည်။

၂၀၁၅ခုနှစ်၊ မေလတွင် MNHRC ၏ သတင်းထုတ်ပြန်ချက်တွင်၊ သတ်ဖြတ်မှုနှင့် စွပ်စွဲခံနေရသူ စစ်သားနှစ်ဦးအား၊ စစ်ခုံရုံးမှ အပြစ်မရှိကြောင်း ဆုံးဖြတ်ပြီး၊ ၎င်းတို့နှစ်ဦးအား ၂၀၁၄ ခုနှစ် နိုင်ဝင်ဘာလတွင် လွှတ်ပေးခဲ့သည်။ မသန္တာနှင့် သူ၏ရှေ့နေတို့က ရာဇဝတ်မှုအဖြစ် အမှုဖွင့်နိုင်ရန်၊ အရပ်ဖက်ခုံရုံးသို့ လွှဲပြောင်းပေးရန် ပန်ကြားခဲ့သည်။ အဆိုပါအမှုတွင်၊ စစ်ဖက်ဆိုင်ရာ တရားစီရင်ရေးစနစ်၏ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ လူ့အခွင့်အရေး ကော်မရှင်သည်လည်း၊ စွမ်းဆောင်ရည်နည်းပါးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများရှိနေသော်လည်း ညှင်းပန်းနှိပ်စက်ခံရမှုအား တရားမစွဲဆိုနိုင်ခြင်းနှင့် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ် နှောင့်ယှက်မှုများ အပါအဝင် ညှင်းပန်းနှိပ်စက်မှု၏ အရင်းခံအကြောင်းတရားများကို အထင်အရှား ပြသနေသည်။

အသေးစိတ် သိလိုပါက ဤနေရာတွင် ကြည့်ပါ bit.ly/JUSTICE4KOPARGYI

Burma", Article 2 Volume 14, N.2, June 2015.

12 "Report of the Special Rapporteur on the situation of human rights in Myanmar", United Nations Human Rights Council, 23 March 2015, A/HRC/28/72.

# အကြံပြုချက်များ

> ကျမတို့နိုင်ငံအတွက် အကောင်းဆုံး စနစ်တွေနဲ့ မူဝါဒတွေ ဘယ်လိုတည်ဆောက်ကြမလဲဆိုတာနဲ့ ပတ်သက်ပြီး၊ တကယ်လို့များ၊ အတိတ်ဖြစ်ရပ်တွေကို မလေ့လာကြဘူးဆိုရင်၊ ဒါဟာ တကယ့်ကို အန္တရာယ်များပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆက်လက်ဖြစ်ပွားနေပါတယ်။ တကယ်လို့များ ကျမတို့ဟာ ပြဿနာရဲ့ အရင်းခံအကြောင်းတရားကို မဖြေရှင်းဘဲနဲ့၊ အမျိုးသား ပြန် လည်ရင်ကြားစေ့ရေးကို ဘယ်လိုလျှောက်လှမ်းကြမှာလဲ? ကျမတို့နိုင်ငံကို အနှစ်သာရရှိတဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရရှိအောင် ဘယ်လိုပြောင်းလဲကြမှာလဲ? ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် အသွင်ကူး ပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တွေကို ဖြတ်ကျော်သွားဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရသစ်အနေနဲ့ အရေးယူမှုတွေလုပ်ဖို့၊ အသွင်းကူးပြောင်းရေးကာလတရားမျှတမှု မူဝါဒတွေ ဖွံ့ဖြိုးလာဖို့နဲ့ အဲဒီလုပ်ငန်းတွေအတွက် အသုံးစားရိတ်တွေ ထည့်သွင်းလုပ်ဆောင်ဖို့ လိုပါတယ်။

ခင်မိမိခိုင်၊ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ညှင်းပန်းနှိပ်စက်ခံရပြီး အသက်ရှင်ကျန်ရစ်သူ။ ညှိနှိုင်းဆောင်ရွက်ရေးမှူး၊ ဝိမုတ္တိ စေတနာ့ဝန်ထမ်းအဖွဲ့။

ညှင်းပန်းနှိပ်စက်မှု တားဆီးရန်နှင့်၊ အပြစ်အပေးအရးယူခံရခြင်းမှ ကင်းလွတ်နေမှုများ ရပ်ဆိုင်းစေရေးအ တွက် မြန်မာနိုင်ငံရှိ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ ပြုပြင်ပြောင်းလဲရန်အတွက်၊ အစိုးရသစ်၏ ရေရှည်တည်တံ့ခိုင်မြဲမည့်၊ ကြိုးပမ်း၊ အားထုတ်မှုများ လိုအပ်သည်။ သို့သော်လည်း၊ အသိအမှတ်ပြုပေးခြင်း နှင့် ချိုးဖောက်၊ အကြမ်းဖက်မှုများကြောင့်၊ ထိခိုက်မှုများအတွက် ပြန်လည်ပြုပြင်ပေးခြင်း နှင့် တားဆီးနိုင်ရန် ရှေ့ရှုလုပ်ဆောင်သည့် ခြေလှမ်းများသည်လည်း ရေတိုကာလတွင် နစ်နာခံ့ရသူများအတွက် အထောက် အကူပြုနိုင်ရန် စတင်သည့် လုပ်ရှားဆောင်ရွက်မှုများဖြစ်သည်။

အနာဂတ်တွင် ပြုလုပ်မည့် ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲများမှ အဆိုပါ မေးခွန်းများကို ဖြေရှင်းပေးမည့်၊ သိသာထင်ရှားသည့် အခွင့်အလမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

## ဥပဒေနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမှ တရားဥပဒေစိုးမိုးမှု တိုးတက်လာစေရန်

၁။ ညှင်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး ကွန်ဗန်းရှင်းနှင့် အခြားသက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတန်းများအား လက်မှတ်ရေးထိုးရန်နှင့် ပြည်တွင်း ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းရန်။

၂။ ၁၉၀၈ ခုနှစ် မတရားသင်းအက်ဥပဒေ၊ မီဒီယာဥပဒေ၊ အသင်းအပင်းများ မှတ်ပုံတင်ခြင်းဥပဒေနှင့် လွတ်လပ်စွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် အပါအဝင် လူပ်ရှားတက်ကြွသူများနှင့် သဘောထား ကွဲသူများအား အကျဉ်းချထားနိုင်သည့် ဖိနှိပ်ချုပ်ခြယ်သည့် ဥပဒေများ ရုပ်သိမ်းရန်။

၃။ ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ မြို့ပြနှင့် အသင်းဆိုင်ရာစည်းမျဉ်းဥပဒေများနှင့် ကာကွယ်၊ တားဆီးခြင်းကို တိုးတက်စေခြင်း၊ စောင့်ကြည့် လေ့လာခြင်းနှင့် ကုသခြင်းတို့အတွက် ဆင့်ခေါ်ခြင်းတို့နှင့် သက်ဆိုင်သည့် ဥပဒေများ သုံးသပ်ရန်နှင့် ပြင်ဆင်ရန်။

၄။ မြန်မာ့လူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပဲရစ်စာချုပ်ကဲ့သို့ နိုင်ငံတကာအဆင့်အ တန်းနှင့်အညီ လွတ်လပ်စွာ၊ ပြည့်ပြည့်ဝဝ၊ ဆောင်ရွက်နိုင်စေရန်အတွက် သေချာစေရန်၊ အထောက်အကူ ပြုသည့် ဥပဒေများဖြင့် ပြဋ္ဌာန်း၍ ပြင်ဆင်ဖွဲ့စည်းရန်။ MNHRC အနေဖြင့်လည်း လူထုအခြေပြုအဖွဲ့ အစည်းများ၊ နစ်နာခဲ့သူများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးအတွက် ထိရောက်၊ ပွင့်လင်းမြင်သာသည့် ကိရိယာတခုဖြစ်လာစေရန်။

၅။ ဥပဒေရေးရာနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို လွတ်လပ်၍၊ ဘက်လိုက်မှု ကင်းပြီး၊ ထိရောက်သည့် အရက်ဖက် တရားစီရင်ရေးစနစ်များ ဖန်တီးပေါ်ပေါက်ရေးအတွက် အဓိကထားပြီး တာဝန်ယူဆောင်ရွက်ရန်နှင့် အထူးသဖြင့် အစိုးရတာဝန်ရှိသူများမှ ချိုးဖောက်ခြင်းခံရသည့် နစ်နာသူများအတွက် တရားမျှတမှု၊ လုံခြုံစွာရရှိရန် လမ်းကြောင်းနှင့် ယန္တရားပံ့ပိုးပေးနိုင်ရန်။

၆။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တောင်းဆိုနေသည့် "တိုင်းပြည်၏ တရားစီရင်ရေးနှင့် ဥပဒေဘောင်၏ အပေါ်တွင် ရောက်နေပြီး၊ အရပ်သားများ ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ခြင်း အပြင်ဘက်တွင်ရှိနေသည့်"[13] စစ်တပ်၏ ရပ်တည်ချက်ကို ဖယ်ရှားရန်။

မြန်မာနိုင်ငံတွင် အောက်ပါအချက်များအပါအဝင်၊ လျှို့ဝှက်ပြီး၊ ဘက်လိုက်သော စစ်ခုံရုံးများ ဖျက်သိမ်းရန်။

- စစ်သားများ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရပါက၊ အရပ်ဖက်ခုံရုံးများတွင် တရားစွဲဆိုနိုင်စေရန်။
- စစ်တပ်နှင့် ရဲအပါအဝင် လုံခြုံရေးဆိုင်ရာ တပ်ဖွဲ့များအပေါ် အရပ်သား ထိန်းချုပ်မှုနှင့် ကြီးကြပ်မှုအောက် သေချာရောက်ရှိစေရန်အတွက် ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်ရန်။
- စစ်ဖက်ဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှု ရှိစေရန်။

13 "Report of the Special Rapporteur on the situ ation of human rights in Myanmar", United Nations Human Rights Council, 23 March 2015, A/HRC/28/72.

၇။ မြန်မာ့ရဲတပ်ဖွဲ့နှင့် ပြုပြင်ခြင်းနှင့် ပတ်သက်သော ဌာနသည်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ခန့်အပ်သည့် ပြည်ထဲရေးဝန်ကြီး လက်အောက်တွင် ထားရှိမည့်အစား၊ အရပ်သားထိန်းချုပ်မှုအောက်တွင် ထားရှိရန်။

## ပြန်လည်ကုစားရေး၊ အသိအမှတ်ပြုခြင်း၊ အမှန်တရားဖော်ထုတ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း။

ညှင်းပန်းနှိပ်စက်မှုများ ဖြစ်ပွားနေခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း အရေးကြီးသည့် ပြဿနာဖြစ်သည်ဟု ဝန်ခံ၊ အသိအမှတ်ပြုပြီး၊ ထပ်မံဖြစ်ပွားခြင်းမရှိအောင် တားဆီးရန် မရှိမဖြစ်လိုအပ်၍ နစ်နာခံသူများကို ပထမအဆင့်အနေဖြင့် တရားမျှတမှုကို ဆောင်ကြဉ်းပေးရမည်။ အသိအမှတ်ပြုခြင်းနှင့် ဝန်ခံခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ပုဂ္ဂလိကဆိုင်ရာ ကုစားမှုနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် အားပေး၊ လှုံ့ဆော်သည်။ ထိုသို့ဆောင်ရွက်ခြင်းတွင် အောက်ပါအချက်များ ပါဝင်သည်။

၈။ အတိတ်နှင့် လက်တလောတွင် နစ်နာခဲ့ရသူများအပေါ် ကျူးလွန်သည့် ချိုးဖောက်မှုများကို လူသိရှင်ကြား အသိအမှတ်ပြုပေးခြင်းဖြင့် အစိုးရသည် ပြန်လည်ကုစားရေးပုံစံကို စတင်လုပ်ဆောင်သင့်သည်။

၉။ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ထောင်ကျခဲ့သည့် ညှင်းပန်းနှိပ်စက်ခံရသူများအတွက်၊ အမှားလုပ်မိကြောင်း ဝန်ခံမှုနှင့်အတူ နိုင်ငံရေးအကျဉ်းသား အမျိုးအစားကို တရားဝင် အဓိပ္ပါယ်ဖွင့်ဆို အသိအမှတ်ပြုပေးရန် မရှိမဖြစ်လိုအပ်သည်။

၁၀။ နစ်နာခဲ့ရသူများ၏ အသံကို အဆင့်မြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်စေရမည်။ "အမျိုးသားပြန်လည် ရင်ကြားစေ့ရေး" နှင့် "ခွင့်လွှတ်ခြင်း" အကြောင်း ဆွေးနွေးခြင်းသည်၊ အသက်ရှင်ကျန်ရစ်သူများ၏ အလို၊ ဆန္ဒကို ထင်ဟပ်စေရမည်ဖြစ်ပြီး။ အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်ကုစားခြင်းနှင့် ထပ်မံမဖြစ်ပွားစေရန် အာမခံမှု (ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း) စသည့် နစ်နာခဲ့ရသူများ၏ အခွင့်အရေးကို ကိုင်တွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံရေးအကျိုးအမြတ်အတွက် မျှော်ကိုးပြီး၊ အပိုင်စီးမှုမျိုး မဖြစ်စေရ။

၁၁။ လူထုအခြေပြုအဖွဲ့အစည်းများသည် အမှန်တရားဖော်ထုတ်ပွဲများအား ကုစားရေးလုပ်ငန်းများဖြင့် စတင် ဆောင်ရွက်ရမည်။ တရားဝင် အမှန်တရားကော်မရှင်များ စတင်မပေါ်ပေါက်မီမှာပင်၊ NLD ဦးဆောင်သည့် အစိုးရသည် အသက်ရှင်ကျန်ရစ်သူများ၏ အတွေ့အကြုံများကို တရားဝင် အသိအမှတ်ပြုပေးခြင်းအားဖြင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ၎င်းတို့၏ အလုပ်ကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့၏ လှုပ်ရှားမှုများမြှင့်တင်ရန် ကူညီပေးခြင်းများမှတဆင့် လုပ်ဆောင်နိုင်သည်။

၁၂။ ရေရှည်နှင့် ရေတို အတွက် ပြန်လည်ကုစားရေးမူဝါဒများ ဖွံ့ဖြိုးလာစေရန် အစိုးရအနေဖြင့် လုပ်ဆောင်ရမည်။ အနီးစပ်ဆုံး အနာဂတ်တွင်၊ အသက်ရှင်ကျန်သူများအတွက် ကျန်းမာရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆောင်ရွက်သည့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်ပုံစံမျိုးဖြင့် ပြန်လည်ကုစားရေးကို အစိုးရဖြစ်စေ၊ လူထုအခြေပြုအဖွဲ့အစည်းများမှဖြစ်စေ တရားဝင် အကူအညီပေးမှု များဖြင့် လုပ်ဆောင်နိုင်သည်။ ရေရှည်အတွက်မူ၊ အားလုံးအတွက်၊ လူမှုရေးဝန်ဆောင်မှုပေးသည့် စနစ်ကို အသက်ရှင်ကျန်ရစ်သူများအတွက် အပြည့်အဝ ကုစားပေးသည့် ပစ်မှတ်ထား လုပ်ငန်းစဉ်များနှင့် ပေါင်းစပ် လုပ်ကိုင်သင့်သည်။ ညှင်းပန်းနှိပ်စက်ခံရသူများအတွက် ပြန်လည်ပြင်ဆင်လုပ်ဆောင်မှုသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၊ ဖြစ်စဉ်များနှင့် အပြီးသတ် သဘောတူချက်များတွင် ပါဝင်ရမည်ဖြစ်သည်။ ပြန်လည်ကုစားရေး မူဝါဒကို အစိုးရအနေဖြင့် အတည်ပြုရမည်ဖြစ်ပြီး၊ အမျိုးသား ရသုံးခန့်မှန်းခြေအသုံးစားရိတ်တွင် ထည့်သွင်း ရေးဆွဲကာ၊ အောက်ပါ အချက်များပါဝင်သည့် ညှင်းပန်းနှိပ်စက်ခံရသူများအတွက် အရေးပေါ်လိုအပ်ချက် များကို ဆောင်ရွက်ပေးရမည်။

- ညှင်းပန်းနှိပ်စက်ခံရခြင်းမှ ရရှိလာသည့် ဒဏ်ရာများ၊ နာမကျန်းဖြစ်မှုများအတွက် ကုသခံပိုင်ခွင့်၊
- လူထုအခြေပြု စိတ်ဒဏ်ရာ ကုသရေး မဟာဗျူဟာ ဖြစ်သည့် ခံစားချက်တူသူများ အချင်းချင်း ကူညီစောင့်ရှောက်ရေးအပါအဝင်၊ စိတ်ကျန်းမာရေးအတွက် သင့်လျော်သည့် နစ်သိမ့်ဆွေးနွေးမှု ပုံစံမျိုးဖြင့် စိတ်ပိုင်းဆိုင်ရာ အကူအညီပေးရန်၊
- ပညာရှာပိုင်ခွင့် (သို့) အသက်မွေးဝမ်းကျောင်း သင်တန်း၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် အရင်းအနှီး အပါအဝင် ချိုးဖောက်ခံရမှုကြောင့် လူမှုရေး၊ စီးပွားရေး အကျိုးဆက်များနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းခြင်း၊

## ကာကွယ်၊ တားဆီးခြင်း။

၁၃။ နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးခြင်းသည် အစိုးရသစ်၏ ပထမဦးဆုံး၊ ဆောင်ရွက်မှု တခုဖြစ်သင့်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက အစိုးရအား "အစိုးရ၏ ဆုံးဖြတ်ချက်ကို ပြည့်ဝစေရန်အတွက် လက်ကျန် နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိ လွှတ်ပေးရန်နှင့် အပြည့်အဝ ပြန်လည်ထူထောင်ပေးရန်" တိုက်တွန်းထားသည် [14]။

၁၄။ လွတ်လပ်သည့် အာဏာပိုင်များမှ ထိန်းသိမ်းရေးစခန်း၊ ပုံစံမျိုးစုံအား စနစ်တကျ စောင့်ကြည့်လေ့လာရန်။

၁၅။ ညှင်းပန်းနှိပ်စက်ခြင်းနှင့်ပတ်သတ်ပြီး ပညာပေးမြှင့်တင်မှုနှင့်၊ နားလည်သဘောပေါက်မှု မြင့်တက်စေမည့် လှုပ်ရှားမှုများကို၊ သာမန်လူများနှင့် ဥပဒေလိုက်နာစေရန် ဆောင်ရွက်ရသည့် ဌာနများအတွင်း ဆောင်ရွက်ရန်။

14 "Situation of human rights in Myanmar", Resolution adopted by the Human Rights Council, United Nations, 2 April 2015, A/HRC/RES/28/23

## ဖြစ်ရပ်မှန် ပုံစံ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ညှင်းပန်းနှိပ်စက်မှုပုံစံတမျိုးဖြစ်သည်။

အားနန်သည် သန်မာပြီး၊ လုပ်ရည်ကိုင်ရည်ရှိသည့် ကချင်အမျိုးသမီးဖြစ်သည်။ သူ၏ ခင်ပွန်းသည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) မှ စစ်သားဟောင်းတဦးဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးမှု ဖြင့် အဖမ်းခံရချိန်မှစပြီး သူမ၏ ကလေး ၄ ယောက်၊ သူမ၏ မိခင်နှင့် ယောက္ခမတို့ကို ရှာဖွေကျွေးမွေး နေရသည်။ သူမယောကျ်ား အဖမ်းခံရပြီး သိပ်မကြာမီမှာပင်၊ အားနန်အိမ်သို့ ယောက်ျားနှစ်ယောက် ရောက်လာပြီး သူမကို အဓမ္မပြုကျင့်ခဲ့သည်။ အဓမ္မပြုကျင့်သူများသည် ရဲတပ်ဖွဲ့မှ ဖြစ်မည်ဟု သူမယုံကြည် သည်။ ထိုယောက်ျားနှစ်ဦးအနက် အသက်ကြီးကြီးတယောက်သည် ကတ်ဦးထုတ်ဆောင်းထားပြီး ရဲအရာရှိများ ဝတ်ဆင်လေ့ရှိသည့် အပြာရောင်ဘောင်းဘီကို ဝတ်ထားသည်။

> ယောက်ျားနှစ်ယောက် ကျမအိမ်ကို ရောက်လာတယ်။ ကျမ သံချောင်းနဲ့ တံခါးကို ပိတ်လိုက်ပေမယ့်၊ သူတို့အားနဲ့ ဆွဲဖွင့်ခဲ့တယ်။ ဟိုတုန်းက၊ ကျမယောက်ျားက ရွာလူကြီးဖြစ်တဲ့အချိန်၊ ကျမတို့အိမ်ကို ဧည့်သည်တွေ အများကြီးလာကြတယ်။ သူတို့ ဒုက္ခတခုခုရောက်လာတယ်ထင်ပြီး၊ တံခါးဖွင့်ပေးလိုက် တယ်။
>
> အလင်းရောင်ကလည်း သိပ်မရှိတော့၊ သူတို့ကို ကောင်းကောင်းမမြင်ရဘူး။ သူတို့ဝင်လာပြီးတဲ့အခါမှာ ကျမယောက်ျားအမှုနဲ့ ပတ်သက်တဲ့ ရဲတွေဘဲလို့ ထင်ခဲ့တယ်။ နံရံထောင့်နားမှာ ကျမထားခဲ့တဲ့ ဓားကို သူတို့ယူလိုက်တယ်။ ပြီးတော့ လုံချည်ချွတ်လိုက်လို့ သူတို့က ကျမကိုပြောတယ်။ ကျမမှာ အသားကပ် ဘောင်းဘီအပါအဝင်၊ အတွင်းခံ ၃ ထပ်ဝတ်ထားတယ်။ တကယ်လို့ ကျမကို စစ်ဆေးမယ် ဆိုရင်တောင်၊ ရှင်တို့ဒီလို မလုပ်သင့်ဘူးလို့ သူတို့ကို ကျမပြောလိုက်တယ်။ ဒါပေမယ့် သူတို့ နားမထောင်ဘူး။

အသက်ကြီးသူတယောက်က အားနန်ကို ဓားနဲ့ ခြိမ်းခြောက်တယ်။ သူက အားနန်ကို မြေပေါ် တွန်းလှဲ လိုက်ပြီး၊ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပြုပြီး အဓမ္မပြုကျင့်ခဲ့တယ်။ သူ့အဖော်ကတော့ အားနန်ရဲ့ လက်မောင်းကို ချုပ်ထားပေးတယ်။

အားနန်က ဒီအကြောင်းကို အာဏာပိုင်တွေကို တိုင်တန်းပြီး၊ ကျူးလွန်သူတွေ၊ ဘယ်သူလဲဆိုတာ ဖော်ထုတ်ပြတဲ့အခါ၊ အထင်သေးခံရတာ၊ ခြိမ်းခြောက်၊ ကြိမ်းမောင်းတာ ခံရသည်။ သူမ ပြန်ပြောပြတာက "အာဏာပိုင်တွေက၊ ဘယ်နေရာမှာလဲ၊ ဘယ်သူလုပ်လဲ ဆိုပြီး အော်ဟစ်ကြတယ်။ ဒါပေမယ့် ကျမ မကြောက်ဖူး၊ ဘာဖြစ်ခဲ့သလဲဆိုတာ ကျမကြိုးစား ရှင်းပြတယ်။ သူတို့က ဒေါသတော်တော် ထွက်နေကြတယ်"

အားနန်သည် သူမကို အဓမ္မပြုကျင့်သွားသူတွေကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ လူထုအခြေပြုအဖွဲ့အစည်း တခု၏ အကူအညီနဲ့ အာဏာပိုင်တွေကို သနားခံစာ တင်လိုက်သည်။ ရလဒ်အနေဖြင့် သူမကို ခြိမ်းခြောက်ခြင်းကို ရင်ဆိုင်လိုက်ရသည်။ အန္တရာယ်၊ အခက်အခဲများ ရှိသော်လည်း သူမအနေနဲ့ တရားမျှတမှုကို ရှာဖွေနေသည်။ သို့သော်လည်း ရဲက ကျူးလွန်သူကို ဖော်ထုတ်ရန် မတတ်နိုင်ဟု ဆိုကာ၊ အမှုဖွင့်ရန် လက်မခံပေ။

အလားတူ ကျူးလွန်ခံရပြီး၊ ထိုအဖြစ်အပျက်ကို ပြောပြရန် မဝံ့ရဲသူများကိုယ်စား အားနန်အနေဖြင့် အမှန်အတိုင်း ပြောပြချင်သည်။ ယခုဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အကူအညီပေးနေသည်ဟု သံသယဖြစ်ခံရသူ အရပ်သားများအား ခြိမ်းခြောက်၊ အကြပ်ကိုင် (သို့) အပြစ်ပေး သကဲ့သို့ပင်၊ စစ်သား (သို့) ရဲတပ်ဖွဲ့ဝင်တို့သည် တိုင်းရင်းသူ၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ၊ ကိုယ်ထိလက်ရောက်ကျူးလွန်နေကြသည့်၊ တိုင်းရင်းသားဒေသများတွင် အဓမ္မပြုကျင့်မှုကို ညှင်းပန်းနှိပ်စက်မှု ပုံစံအဖြစ် အသုံးပြုသည်ကို ဖော်ပြနေသည်။ အလားတူစွာပင်၊ နစ်နာခဲ့ရသူက ကျူးလွန်ခဲ့သူ၊ အစိုးရအာဏာပိုင်များအား တရားစွဲလိုသော်လည်း၊ ရဲတပ်ဖွဲ့က နစ်နာခဲ့ရသူအပေါ် နှောင့်ယှက်သည့်အတွက် မအောင်မြင်ရသည့် အခက်အခဲ၊ အတားအဆီးကိုလည်း ဖော်ပြနေသည်။



Photo: Anne-Cecile Esteve for AJAR





Photo: Anne-Cecile Esteve for AJAR

